★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက် သတင်းစဉ်

အမှတ်စဉ် ၅၇/၂၀၀၇

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်။



ဒေါ်အောင်ဆန်းစုကြည်
နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်
(၄)နှစ်(၅)လနဲ့(၁၈)ရက်ရှိသွားပါပြီ။

“××× တခါတလေ တပ်မတော်နဲ့ပြည်သူကို ခွဲခြားပြီးပြောတာတွေဟာ ကျမတို့ နားမလည်နိုင်ပါဘူး။ တပ်မတော်သားများဆိုတာ ပြည်သူလူထုထဲက ပေါက်ဖွားလာတာဖြစ်ပါ တယ်။ ပြည်သူလူထုနဲ့ တပ်မတော်ကို ခွဲခြားချင်တဲ့စိတ်ဓါတ်ဟာ အင်မတန်မှ ဆိုးဝါးတဲ့စိတ်ဓါတ်ဖြစ်ပါတယ်။ တပ်မတော်နဲ့ နိုင်ငံရေးသမားများကြားထဲမှာလည်း စိတ်ဝမ်းကွဲအောင်လုပ်တယ်ဆိုတာဟာ မလိုလားအပ်တဲ့ ကိစ္စဖြစ်ပါတယ်။ နိုင်ငံတနိုင်ငံမှာ နိုင်ငံရေးသမားများရှိမှသာလျှင် နိုင်ငံရေးဘက်က ပီပီပြင်ပြင်လုပ်နိုင်မှာပါ။ ဒါကြောင့်မို့လို့ နိုင်ငံရေးသမားများနဲ့ နိုင်ငံရဲ့ အစိုးရကို ပီပီပြင်ပြင်ဖြစ်အောင်လုပ်နိုင်မယ့် နိုင်ငံရေးသမားများနဲ့ နိုင်ငံရဲ့လုံခြုံရေးကို တာဝန်ယူရတဲ့ တပ်မတော်ကြားထဲမှာ နားလည်မှုအများကြီး ရှိဖို့လိုပါတယ်။ ဒီလိုနားလည်မှုရှိဖို့ ကျမတို့ အစဉ်တစိုက် ကြိုးစားနေပါတယ်×××”

**(၁၂-၈-၁၉၉၉ နေ့တွင် ထုတ်ပြန်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်အမှတ် ၁၀၈(၈/၉၉)မှ )**

## ယနေ့ သတင်းများ

၁။ [၈၈]မျိုးဆက်ကျောင်းသားများရဲ့ပန်ကြားလွှာ
၂။ လူရွှင်တော် ဇာဂနာ ပြန်လည်လွတ်မြောက်လာ
၃။ နိုင်ငံတကာ စာနယ်ဇင်းများ စစ်အစိုးရ ပိတ်ပင်
၄။ ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ထူးဆောင် ကနေဒါနိုင်ငံသားဆု ချီးမြှင့်ရန် ဘုရင်ခံချုပ် အဆိုတင်သွင်း
၅။ သံဃာတော်များကို ဆေးကုသခွင့်မပေးရန် ညွှန်ကြားထား
၆။ စာရေးဆရာ [၂၂]ဦး ထုတ်ဝေခွင့် ပိတ်ပင်ခံရ
၇။လူသုံးထောင်ခန့်ဖမ်းဆီးထားခဲ့ကြောင်းကို စစ်အစိုးရက ဝန်ခံ
၈။ အမေရိကန်နှင့် တရုတ် ပူးပေါင်းပြီး ဖိအားပေးလျှင် ဖြစ်နိုင်ချေရှိ
၉။ ဦးဆောင်သံဃာတော် အရှင်ဂမ္ဘီရမှ ကမ္ဘာသို့ မှာကြားချက်များ
၁၀။ စစ်အစိုးရက ပြန်လွှတ်ပေးသူအရေအတွက် မမှန်ကန်ဟု AAPP အဖွဲ့ကပြောဆို
၁၁။ န အ ဖ စစ်အစိုးရသည် အပြောနဲ့အလုပ် တခြားစီဖြစ်နေဟု အဖွဲ့ချုပ် ဝေဖန်လိုက်
၁၂။ မားမြတွေ အဝေမတဲ့လို့ တိုင်းစစ်ဌာနချုပ်က ဝင်ရှင်းပေးရသတဲ့
၁၃။ အလင်းရောင်ဆရာတော်ကို ပြန်ပေးဆွဲတာတဲ့
၁၄။ ပြည်ပတွင်ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သူများကို ရန်ကုန်လေဆိပ်၌ စောင့်ဖမ်းနေ

## [၈၈]မျိုးဆက်ကျောင်းသားများရဲ့ပန်ကြားလွှာ

*ဗွီအိုအေ၊ ၁၇ အောက်တိုဘာလ၊၂၀၀၇*

**၈၈ မျိုးဆက်ကျောင်းသားများ ရန်ကုန်မြို့၊**
**မြန်မာနိုင်ငံ အောက်တိုဘာ ၁၆၊ ၂၀၀၇**

အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များ ခင်ဗျား –

လူကြီးမင်းတို့ သိနှင့်ပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်တို့မှာ ပြေးလွှားနေရင်းနှင့်ပင် တနေ့နေ့တချိန်ချိန်၌ အဖမ်းအဆီးခံရကောင်း ခံရနိုင်ပါသည်။ ဤအခြေအနေအောက်မှာပင်လျှင် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ငြိမ်းချမ်းသည့်နည်းလမ်းများဖြင့် လုပ်ဆောင်ရန် ကတိပြုထားဆဲ ဖြစ်ပါသည်။ ဤစာသည် ကျွန်ုပ်တို့ အဖမ်းဆီးမခံရမီ၊ အနှိပ်စက်မခံရမီ ပေးပို့သော အရေးတကြီးပေးပို့သည့်စာ ဖြစ်ပါသည်။ ၂၀၀၇ ခု အောက်တိုဘာ (၁၁) ရက်စွဲပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ကြေညာချက်ကို ကျွန်ုပ်တို့ကြိုဆိုပါသည်။ ယင်းကြေညာချက်တွင် မြန်မာနိုင်ငံ၌ ငြိမ်းချမ်းစွာဆန္ဒပြသူများကို အကြမ်းဖက်နည်းလမ်းသုံးခဲ့သည့်အပေါ် လုံခြုံရေးကောင်စီက အလွန်စိတ်မကောင်းဖြစ်ရကြောင်း၊ နိုင်ငံရေးအကျဉ်းသားအားလုံးနှင့် ထိန်းသိမ်းထားသူအားလုံး ဆောလျင်နိုင်သမျှ စောလျင်စွာ လွတ်မြောက်ရေးသည် အရေးကြီးကြောင်း မီးမောင်းထိုးပြသည်ဟု ရေးသားထားပါသည်။ ကုလသမဂ္ဂ၏ တိုက်ရိုက်ပံ့ပိုးမှုနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်၊ သက်ဆိုင်ရာပါတီအဖွဲ့အစည်းအားလုံး၊ လူမျိုးစုအဖွဲ့အစည်းအားလုံးနှင့် စစ်မှန်ရိုးသားစွာတွေ့ဆုံဆွေးနွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး ဖော်ဆောင်ရန် မြန်မာအစိုးရဘက်က အခြေအနေများ ဖန်တီးရန်လိုအပ်သည်ဟု ဖော်ပြခဲ့ပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံအားလုံး၏ တခဲနက်ဆုံးဖြတ်ချက်သည် စစ်အုပ်စုက ငြိမ်းချမ်းစွာဆန္ဒပြသူများကို အကြမ်းဖက်မှု၊ ဖမ်းဆီးမှု၊ လူမဆန်စွာဆက်ဆံမှုများကို ရပ်ရန်၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး၊ ထိန်းသိမ်းထားသူအားလုံး ပြန်လည်လွတ်မြောက်လာရန်အတွက် မြန်မာစစ်အုပ်စုအပေါ် သက်ရောက်မှုရှိ

## ★ အာဏာရူးစစ်အစိုး၏ ရက်စက်ရုတ်မာမှုများအား ရဲဝံ့စွာဖေါ်ထုတ်ကြ။

သော ဖိအားတရပ်ဖြစ်လာမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ခဲ့ပါသည်။ သို့သော် မြန်မာစစ်အုပ်စု၏တုံ့ပြန်မှုမှာ လုံးဝဆန့်ကျင်ဘက် ဖြစ်လာပါသည်။ ၎င်းတို့သည် ဒေါ် အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရန် ဆန္ဒရှိပါသည်ဟု စစ်အုပ်စုက ကမ္ဘာကြီးကိုကြေညာနေစဉ်၌ပင် တဖက်တွင် ဒီမိုကရေစီအင်အားစုများအပေါ် အကြမ်းဖက်နည်းများသုံးခြင်း၊ တရားလက်လွတ် ဖမ်းဆီးခြင်းများကျူးလွန်ရန် ကြိုးပမ်းခဲ့ပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ထုတ်ပြန်ကြေညာချက်ကို မြန်မာစစ်အုပ်စုက ကြေညာချက်အမှတ် ၃/ ၂၀၀၇ ကို ၂၀၀၇ ခု အောက်တိုဘာ (၁၂) ရက်၌ ထုတ်ပြန်ခြင်းဖြင့် မြန်မြန်ဆန်ဆန် ပယ်ချခဲ့ပါသည်။ လုံခြုံရေးကောင်စီ၏ ထုတ်ပြန်ချက်သည် မြန်မာနိုင်ငံသားများ၏ဆန္ဒနှင့် မကိုက်ညီကြောင်း စစ်အာဏာရှင်အစိုးရက စောဒကတက်ပြီး ၎င်းတို့ချမှတ်ထားသည့် လမ်းပြမြေပုံ (၇) ရပ်အတိုင်း ဆက်လက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါသည်။ ယင်းထုတ်ပြန်ချက်ထုတ်ပြန်ပြီး နောက်တနေ့ ၂၀၀၇ ခု အောက်တိုဘာ (၁၃) ရက်၌ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်နောက်ထပ် (၃) ဦးဖြစ်သည့် ကိုဌေးကြွယ်၊ ကိုအောင်သူနှင့် မသင်းသင်းအေး (ခ) မမီးမီးတို့ကို စစ်အစိုးရ လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးလိုက်ပါသည်။ စစ်တပ်သည် နိုင်ငံအနှံ့ တက်ကြွလှုပ်ရှားသူများစွာကို ဖမ်းဆီးလိုက်ပါသည်။ ထောင်ပေါင်းများစွာသော ကျောင်းသားများ၊ ဝန်ထမ်းများနှင့် အရပ်သားများကို အမျိုးသားညီလာခံထောက်ခံပွဲများနှင့်ပြည်သူ့ဆန္ဒပြပွဲများကို အပုပ်ချသည့်ပွဲများကို အတင်းအကျပ်စုဝေးတက်ရောက်စေပါသည်။ သံဃာတော်များနှင့် ကျောင်းသားများအပါအဝင် ထောင်ပေါင်းများစွာသော ဆန္ဒပြသူများမှာ ထိန်းသိမ်းရေးစခန်းများတွင် ရိုင်းစိုင်းကြမ်းတမ်းစွာဆက်ဆံခံရခြင်း၊ ရက်စက်စွာညှဉ်းပမ်းနှိပ်စက်ခြင်းတို့ကို ခံစားကြရပြီး အချို့မှာ ထိန်းသိမ်းခံနေရစဉ်သေဆုံးကြရပါသည်။ သံဃာတော်များစွာမှာလည်း ထိန်းသိမ်းရေးစခန်းများ၌ အတင်းအကျပ် သိက္ခာချလူဝတ်လဲခံရပြီး အလုပ်ကြမ်းအကျဉ်းစခန်းများသို့ ပို့ဆောင်ခံကြရပါသည်။

စစ်အာဏာရှင်အစိုးရသည် ကြောက်မက်ဖွယ်အခြေအနေကို အဆက်မပြတ် ဖန်တီးထားသောကြောင့် မြန်မာပြည်သူများမှာ ထိတ်လန့်ကြောက်ရွံ့နေရပါသည်။ ထို့ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြေညာချက်ထုတ်ပြန်ရုံမျှနှင့် မလုံလောက်ဘဲ ခိုင်မာတိကျသောအရေးယူမှု အမြန်ဆုံးဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အောက်ပါအချက်များ ဆောင်ရွက်ပေးစေလိုပါသည်။

(၁) ရင်းနှီးမြှုပ်နှံမှုတားမြစ်ရေး၊ လက်နက်မရောင်းချရေး စသည့် ရည်မှန်းချက်တိကျသော ပိတ်ဆို့အရေးယူမှုများပါဝင်သည့် မဖြစ်မနေလိုက်နာရမည့်စည်းကမ်းချက်ပါ ဆုံးဖြတ်ချက်များချမှတ်ရန်။ ငြိမ်းချမ်းစွာဆန္ဒပြခဲ့သူများကို အကြမ်းဖက်ခြင်း၊ ဖမ်းဆီးခြင်းတို့ကို ချက်ချင်းရပ်ရန်၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ထိန်းသိမ်းထားသူများနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ရန်အတွက် မြန်မာစစ်အစိုးရကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက တောင်းဆိုရပါမည်။ စစ်မှန်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတို့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားကိုယ်စားလှယ်များစသည့် နိုင်ငံရေးပါတီများနှင့် အဓိပ္ပာယ်ပြည့်ဝသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးအတွက် စစ်အစိုးရကို တောင်းဆိုရပါမည်။ တိုင်းရင်းသားလူမျိုးစုဒေသများတွင် စစ်တပ်က ရာဇဝတ်မှု ကျူးလွန်ခြင်း၊ စစ်ဆင်ခြင်းတို့ကိုရပ်ရန် တောင်းဆိုရပါမည်။ နိုင်ငံတကာကြက်ခြေနီအဖွဲ့နှင့် နိုင်ငံတကာ လူမှုကူညီရေးအဖွဲ့အစည်းများအား တားမြစ်ပိတ်ပင်ထားခြင်းကို ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုရပါမည်။ ဤအချက်များကို ငြင်းပယ်ပါက ရှေ့တိုးအရေးယူမှုများ ဆက်လက်ဆောင်ရွက်ရန်လည်း တောင်းဆိုပါသည်။

(၂) ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာအီဘရာဟင်ဂမ်ဘာရီကို မြန်မာနိုင်ငံသို့ ချက်ချင်းစေလွှတ်ပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး အကောင်အထည်ဖော်ရန်အတွက်လိုအပ်သည့်ကာလအထိ မြန်မာနိုင်ငံထဲမှာ နေထိုင်ဆောင်ရွက်စေလိုပါသည်။ ကုလသမဂ္ဂက မြန်မာနိုင်ငံထဲမှာ အမြဲတမ်းအခြေချ၊ အခြေအနေကိုစောင့်ကြည့်လေ့လာပြီး အဓိပ္ပာယ်ပြည့်ဝသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်အောင်ဆောင်ရွက်ရေးသည် ယခုအခါ ပိုမိုအရေးကြီးနေပြီ ဖြစ်ပါသည်။ ကျွန်ုပ်တို့က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို အောက်ပါအချက်များ ဆောင်ရွက်ပေးရန် တောင်းဆိုပါသည်။

(၃) ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ချက်ချင်းဖုန်းဆက်ပြီး ဖမ်းဆီးထားသူများကို ညှဉ်းပန်းနှိပ်စက်နေမှုကိုရပ်ရန်နှင့် လုံခြုံရေးကောင်စီက ထုတ်ပြန်တောင်းဆိုထားသည်များကို မဖင့်မနှေး လိုက်နာဆောင်ရွက်ရန်အတွက် တောင်းဆိုစေလိုပါသည်။ အတွင်းရေးမှူးချုပ်၏တောင်းဆိုချက်ကို သံတမန် မစ္စတာဂမ်ဘာရီက တိတိကျကျအကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း အထူးအရေးကြီး နေပြီဖြစ်ပါသည်။

(၄) တရုတ်နှင့် ရုရှအစိုးရတို့ကိုလည်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ မြန်မာ့အရေးနှင့်ပတ်သက်၍ မဖြစ်မနေလိုက်နာရမည့် အချက်များပါဝင်သည့် ဆုံးဖြတ်ချက်ချမှတ်ရေးကိစ္စကို ဗီတိုအာဏာသုံး ပြီးကန့်ကွက်ပယ်ချနေသည့်ဆောင်ရွက်ချက်ကို ရှောင်ကြဉ်ရန် တောင်းဆိုအပ်ပါသည်။ ကျွန်ုပ်တို့သည် တရုတ်၊ ရုရှတို့နှင့် လက်တွဲလုပ်ဆောင်လိုသည့် ဆန္ဒရှိကြောင်းလည်း အလေးအနက် ထပ်မံဖော်ပြအပ်ပါသည်။ ထိုနိုင်ငံတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေများအဖြစ် ရှုမြင်ပါသည်။ ကျွန်ုပ်တို့၏ ကတိသစ္စာအပေါ် ဆင်ခြင်စဉ်းစားပြီး အစွမ်းကုန်နားလည်မှုရှိပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်။ နိုင်ငံတကာအသိုင်းအဝန်းက ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် နှောင့်နှေးနေသမျှကာလပတ်လုံး မြန်မာနိုင်ငံသည် ဥပဒေမဲ့လူ့အဖွဲ့အစည်း ဆက်ဖြစ်နေမည်ဖြစ်ပါသည်။ စစ်အာဏာရှင်ကလည်း ငြိမ်းချမ်းစွာဆန္ဒပြသူများကို ညှဉ်းပန်းနှိပ်စက်ခန်းများ၌ စနစ်တကျ တိတ်တဆိတ်ဆက်လက်သတ်ဖြတ်နေမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ နိုင်ငံတကာ၏ အရေးယူဆောင်ရွက်မှု ကင်းမဲ့နေခြင်းသည် မြန်မာစစ်အာဏာရှင်အစိုးရကို လူသတ်လိုင်စင် ခွင့်ပြုထားခြင်းပင်ဖြစ်ကြောင်း ကျွန်ုပ်တို့ အလေးအနက်တင်ပြအပ်ပါသည်။

**၈၈ မျိုးဆက်ကျောင်းသားများ**
**(ထွန်းမြင့်အောင် နီလာသိန်း စိုးထွန်း)**




***ဓမ္မသည် အဓမ္မကို နိုင်မြဲ။ ***
***လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ***

## လူရွှင်တော် ဇာဂနာ ပြန်လည်လွတ်မြောက်လာ

*ဗွီအိုအေ၊ ၁၇ အောက်တိုဘာလ၊ ၂၀၀၇*

ပြီးခဲ့တဲ့လက မြန်မာနိုင်ငံအတွင်း ဆန္ဒပြမှုတွေမှာ ရဟန်းတွေကို ဆွမ်းကပ်လှူတဲ့နေရာမှာ ဦးဆောင်ပါဝင်ခဲ့တဲ့ မြန်မာနိုင်ငံက အနုပညာရှင် ဇာဂနာ ခေါ် ကိုသူရ မနေ့က ပြန်လွှတ်လာခဲ့ပါပြီ။ ဒီအကြောင်းနဲ့ ပက်သက်ပြီး VOA မြန်မာပိုင်း ထိုင်းနိုင်ငံအခြေစိုက် သတင်းထောက် မအေးအေးမာက သတင်းပေးပို့ထားပါတယ်။

မကြာသေးခင်ကဖြစ်ပွားခဲ့တဲ့ ဆန္ဒပြလှုပ်ရှားမှုကြီးမှာပါဝင်ခဲ့တဲ့ စွယ်စုံအနုပညာရှင် ကိုဇာဂနာကိုအင်းစိန် အကျဉ်းထောင်ကနေ အောက်တိုဘာလ ၁၇ ညဖက် ၇နာရီကျော် အချိန်လောက်မှာ ပြန်လည်လွှတ်ပေးလိုက်ပါတယ်။ ကိုသူရခေါ် ကိုဇာဂနာကို အင်းစိန်အကျဉ်းထောင်ထဲက စစ်ခွေးတိုက်ထဲမှာ တယောက်ထဲထားခဲ့ကြောင်း၊ ညီမဖြစ်သူက အခုလိုပြောပြပါတယ်။

"ပထမဆုံး တိုက်ပိတ်ထားတယ်ဆိုတော့ တယောက်ထဲပဲပေ့ါ။ အဲဒီစစ်ခွေးတွေဝိုင်းထားတဲ့ စစ်ခွေးတိုက်ဆိုတာ ထောင်ထဲမှာ အပြစ်ထပ်လုပ်တဲ့သူမှ ထားတဲ့အခန်းပါ။ ကိုဇာဂနာက ညွှန်မှူးလာတော့ အဆင်ပြေလားလို့မေးတော့ မပြေဘူးပေ့ါ။ ဒီလိုထောင်ထဲမှာ အနိမ့်ကျဆုံးနေရာမျိုးမှာ ကျွန်တော့်ကို ဘာဖြစ်လို့လာထားသလဲလို့မေးတော့၊ သူက ကျွန်တော်တို့က ထားခြင်လို့ ထားတာမဟုတ်ဘူးတဲ့။ အထက်က အမိန့်ပေ့ါ။ ဒါမျိုးတော့ ကျွန်တော်နေလည်းမနေနိုင်ဘူးပေ့ါ။ ကျွန်တော့်ကိုလည်းမထားသင့်ဘူးပေ့ါ။ ကျွန်တော့်ကို အထူးဆောင်မှာထားဖို့ပြောတော့တဲ့ အဲဒီနေရာမှာလည်း ပြည့်နေတယ်လို့ပြောတယ်။ အဲဒါဆို SB ကလူတွေနဲ့ ကျွန်တော် တွေ့ချင်တယ်လို့ ပြောလိုက်တယ်တဲ့။ အဲဒီတော့ သူလာတွေ့တယ်တဲ့။ ကျွန်တော် ဒီလိုနေရာမျိုးမှာ မနေချင်ဘူး၊ ဒီလိုအနိမ့်ကျဆုံးနေရာမျိုးမှာ ကျွန်တော့်ကို ဘာဖြစ်လို့ထားတာလဲလို့။ ကျွန်တော့်မှာ ဒုက္ခရောက် ရတယ်ပေ့ါ။ အပေ့ါအပါးသွားတာကအစပေ့ါ။ အဲဒီလိုပြောလိုက်တော့မှာ အရင်ကနေခဲ့ဖူးတဲ့ အထူးဆောင်ကို ပြောင်းပေးတယ်တဲ့။"

ပြန်လည်လွှတ်မြောက်လာတဲ့ ကိုဇာဂနာအနေနဲ့ သမံတလင်းပေါ်မှာ ရေစွတ်ပြီး အိပ်ခဲ့ရတာကြောင့်အဆုတ်ပွရောဂါဖြစ်လာပြီး နေထိုင်မကောင်းဖြစ်နေကြောင်းကိုလည်း ညီမဖြစ်သူကပြောပြပါတယ်။

"ထောင်ထဲမှာ အင်္ဂတေမှာရေစွတ်ပြီး အိပ်ရတယ်ပေ့ါ။"

သံဃာတော်တွေနဲ့အတူ ကိုဇာဂနာနဲ့ ကိုကျော်သူတို့လို နာမည်ကြီးတွေလည်း ပါဝင်လာတာကြောင့်အခုလို ထိန်းသိမ်းရတာဖြစ်ကြောင်း ကိုဇာဂနာရဲ့ မိသားစုဝင်တွေက ပြောပါတယ်။ ကိုဇာဂနာလိုပဲ ရုပ်ရှင်သရုပ်ဆောင် ကိုကျော်သူလည်း ပြန်လည် လွှတ်မြောက်လာတယ်လို့ ဆိုပါတယ်။ မနေ့ကပဲ စစ်အစိုးရက ဖမ်းဆီးထိန်းသိမ်းခံထားရသူ (၂၀၀၀)ကျော်ကို ပြန်လည်လွှတ်ပေးလိုက်ကြောင်းကြေညာခဲ့ပေမယ့်လည်း ထင်ရှားတဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုတော့ ပြန်လည်လွှတ်ပေးခြင်း မရှိသေးပါဘူး။ ဒ့ါအပြင် နိုင်ငံရေးလှုပ်ရှားတက်ကြွသူတွေကိုလည်း ဆက်လက်ဖမ်းဆီးနေဆဲပါ။ ■

---

## နိုင်ငံတကာ စာနယ်ဇင်းများ စစ်အစိုးရ ပိတ်ပင်

*ရေဝတီ၊ ၁၇ အောက်တိုဘာလ၊ ၂၀၀၇*

သံဃာတော်များဦးဆောင်သော ဆန္ဒပြပွဲများအကြောင်း သတင်းနှင့် ဓါတ်ပုံများအားဖော်ပြထားသည့် နိုင်ငံတကာစာနယ်ဇင်းများကို စစ်အစိုးရက ပိတ်ပင်မှုများပြုလုပ်နေကြောင်း သိရပါတယ်။

မြန်မာနိုင်ငံတွင်းသို့ ပုံမှန်တင်သွင်းဖြန့်ချိသည့် Time, News Week, Reader's Digest အပါအဝင် နိုင်ငံတကာသတင်းစာ၊ မဂ္ဂဇင်းတချို့တွင် အဆိုပါ ဆန္ဒပြသတင်းများပါဝင်သည့် အပတ်စဉ်ထုတ်များကို ရန်ကုန်မြို့ရှိ အင်းဝစာအုပ်ဆိုင်ကဲ့သို့သော အရောင်းဆိုင်ကြီးများကို ရောင်းချခြင်းမရှိကြောင်း ရန်ကုန်အခြေစိုက် စာနယ်ဇင်းသမားတဦးက ရေဝတီသို့ ပြောပါတယ်။

"သူတို့က အဲဒီပြီးခဲ့တဲ့ ဆန္ဒပြပွဲတွေနဲ့ ပတ်သက်ဆက်နွယ်တဲ့ ဓါတ်ပုံ၊ သတင်းတွေပါတဲ့ နိုင်ငံတကာသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအားလုံး ပေးမသွင်းဘူး"ဟု ၎င်းကပြောပါတယ်။

ထို့အပြင် တက္ကသိုလ်တွင် သုတေသနစာတမ်းများအတွက် အသုံးပြုမည့် နိုင်ငံတကာစာအုပ်စာတမ်းများကိုပါ တင်သွင်းခွင့် မပြုသောကြောင့် ကျောင်းသားများအခက်အခဲဖြစ်နေကြရသည်ဟုလည်း ဆိုပါတယ်။

ပြည်တွင်းစာနယ်ဇင်းသမားတဦး၏ ပြောပြချက်အရ ရေဝတီသတင်းမီဒီယာ အင်တာနက်ဝက်ဘ်ဆိုက်ကို စစ်အစိုးရက ပိတ်ပင်တားမြစ်ထားကြောင်း၊ ဖတ်ရှုသည်ကိုတွေ့ရှိပါက ထောင်ဒဏ် အနှစ်(၂၀)ပြစ်ဒဏ်ကျခံရမည်ဖြစ်ကြောင်းသိရပါတယ်။ ■

---

## ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ထူးဆောင် ကနေဒါနိုင်ငံသားဆု ချီးမြှင့်ရန် ဘုရင်ခံချုပ် အဆိုတင်သွင်း

*ဗွီအိုအေ၊ ၁၇ အောက်တိုဘာလ၊ ၂၀၀၇*

ကနေဒါအစိုးရက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ထူးဆောင် ကနေဒါနိုင်ငံသားအဖြစ် ချီးမြှောက်ဖို့အတွက် ကနေဒါနိုင်ငံဘုရင်ခံချုပ် မိရှဲလ် ဂျီးန် (Michelle Jean) က Home Speech လို့ခေါ်တဲ့မိန့်ခွန်းမှာ ထည့်သွင်းပြောဆိုသွားပါတယ်၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဗွီအိုအေမြန်မာပိုင်းရဲ့ ကနေဒါသတင်းထောက် ဦးကျော်မိုးက အော့တဝါမြို့ကနေ အခုလိုသတင်းပေးပို့ထားပါတယ်။

ကနေဒါအစိုးရရဲ့ နိုင်ငံတော်မိန့်ခွန်းကို အစဉ်အလာအရ နိုင်ငံရဲ့ ဘုရင်ခံချုပ်က ဝန်ကြီးချုပ်ရဲ့ကိုယ်စားပါလီမန် ပြန်လည်ကျင်းပတိုင်း အစိုးရရဲ့ ဦးစားပေးလုပ်ငန်းစဉ်နဲ့ အရေးကြီးတဲ့အခြေခံမူတွေကို နိုင်ငံတော်အားထုတ်ဖော် ကြေငြာပေးရပါတယ်။ အောက်တိုဘာလ (၁၆)ရက်နေ့ ညက နိုင်ငံတော်ကို တိုက်ရိုက်ထုတ်လွှင့်တဲ့ဘုရင်ခံချုပ် မိရှဲလ် ဂျီးန်ရဲ့ နိုင်ငံတော်မိန့်ခွန်းထဲမှာတော့ မြန်မာပြည်တွေအတွက်အထူးအံ့သြဖွယ် သတင်းတခုပါလာပါတယ်။ ဘုရင်ခံချုပ်ရဲ့ ရာဇပလ္လင်ပေါ်က မိန့်ခွန်းမှာ ကျမတို့တိုင်းပြည်ရဲ့ ဒီမိုကရေစီဘဝမှာ အင်မတန်အရေးပါတဲ့အချိန်ဖြစ်တယ်လို့ ကနေဒါဘုရင်ခံချုပ်

မိရှဲလ် ဂျီးန်က ပြောဆိုသွားပါတယ်။ မြန်မာပြည်သူတွေအတွက် ဒီမိုကရေစီနဲ့ လွတ်လပ်မှုတွေရဖို့ ရေရှည်တိုက်ပွဲဝင်နေတဲ့ အောင်ဆန်းစုကြည်ကို ဂုဏ်ထူးဆောင်နိုင်ငံသားအဖြစ် အမြန်ဆုံးချီးမြှောက်ဂုဏ်ပြုပေးဖို့ ပါလီမန်ကို အစိုးရက တိုက်တွန်းတောင်းဆိုတယ်လို့ ဘုရင်ခံချုပ်ကပြောဆိုသွားပါတယ်။ ဒီမိုကရေစီနဲ့ လွတ်လပ်မှုတွေအတွက် ရေရှည်တိုက်ပွဲဝင်နေခြင်းဟာ ဒီအယူအဆတွေအပေါ် သူမ ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာပြသနေရာရောက်ပြီး ဒါဟာ ကျမတို့ တတွေအတွက်အတုယူ အားကျဖို့ ကောင်းတယ်လို့လည်း ဘုရင်ခံချုပ်က ပြောပါတယ်။

ဒါဟာ ကနေဒါအစိုးရရဲ့ နိုင်ငံခြားရေးမူဝါဒကို ရှင်းလင်းတင်ပြရာမှာ ပုံမှန်အားဖြင့် ရှေ့တန်းရောက်နေရာယူ လွှမ်းမိုးနေတတ်တဲ့ အာဖဂန်နစ္စတန် အကြောင်းမပြောခင် မြန်မာပြည်ကိစ္စကို ဦးစားပေးပြောဆိုတာမို့ ထူးခြားနေပါတယ်။ နောက်ပြီး ဘုရင်ခံရဲ့မိန့်ခွန်းဟာ အစိုးရ ဦးစားပေးလုပ်မယ့် ကိစ္စတွေထဲက အဓိကကျတဲ့အရာတွေလောက်ပဲ အကျဉ်းချုပ်ဖော်ပြလေ့ရှိတာမို့ မြန်မာပြည်ကိစ္စကို ဘုရင်ခံမိန့်ခွန်းထဲမှာ ထည့်ဖော်ပြထားတာမို့ ကနေဒါအစိုးရရဲ့ မြန်မာပြည်ပေါ်မှာ စိတ်ဝင်စားမှုတွေပြောင်းလဲလာတာကို မြန်မာ့မိတ်ဆွေ ကနေဒါ အသင်း CFOB က ကြေညာချက်ထုတ်ကြိုဆိုတာ တွေ့ရပါတယ်။

ကနေဒါရဲ့ ဂုဏ်ထူးဆောင် နိုင်ငံသားအဖြစ် အရင်တုန်းက လူတွေကို ကယ်ဆယ်ခဲ့တဲ့ ဆွီဒန် သံတမန်တစ်ဦး၊ တောင်အာဖရိကက နယ်လ်ဆင်မန်ဒဲလား၊ တိဘက်ဘုန်းတော်ကြီး ဒလိုင်းလားမားတို့ သုံးဦးကိုပဲ ချီးမြှင့်ပေးခဲ့တာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ဟာ ဂုဏ်ထူးဆောင်နိုင်ငံသားအဖြစ် ပထမဆုံး ချီးမြှင့်ခံရမယ့်အမျိုးသမီးတစ်ဦးအဖြစ် ကနေဒါနိုင်ငံရဲ့သမိုင်းမှာ မှတ်တမ်းတင် ကျန်ရစ်တော့မှာဖြစ်ပါတယ်။ ■

## သံဃာတော်များကို ဆေးကုသခွင့်မပေးရန် ညွှန်ကြားထား

*ရိုးမ၊ ၁၇ အောက်တိုဘာလ၊၂၀၀၇*

သပိတ်မှောက်ကံဆောင်ထားသည့်အတွက် သံဃာတော်များအား ဆေးဝါးမကုသပေးရန် စစ်အစိုးရက ဆေးရုံများသို့ ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

မန္တလေးတိုင်း မြင်းခြံနှင့်တောင်သာမြို့နယ်များတွင် မြို့နယ်အာဏာပိုင်များက ယခုရက်ပိုင်းအတွင်း ဆေးရုံများသို့ အမိန့်ထုတ်ပြန်ထားခြင်းဖြစ်သည်။ ပတ္တနိက္ကုဇ္ဇနကံဆောင်ခြင်းကို တနိုင်ငံလုံးအနှံ့သံဃာများက ပြုလုပ်ခဲ့ရာ သံဃာများနှင့် အာဏာပိုင်များအကြား တင်းမာမှုများ ပေါ်ပေါက်လျက်ရှိသည်။

"မြင်းခြံက နာမည်ကြီး ကြံ့ဖွံ့အတွင်းရေးမှူး ဝင်းရွှေကို သံဃာတွေက ပြောင်ကျကျကို ဆန့်ကျင့်နေတာကို ဒီလူ ဒေါသထွက်နေတယ်။ ဒီမှာ သံဃာတွေက အားလုံးညီပြီး ကံဆောင်ထားကြတာ" ဟု မြို့ခံတဦးကပြောသည်။

မြင်းခြံ (မယက) ဥက္ကဋ္ဌကလည်း (မယက) ရုံးရှေ့မှ သံဃာ တော်များ ဆန္ဒပြရာတွင် အားပေးကူညီခဲ့သည့် လွှက်ရည်ဆိုင်အပါအဝင် အခြားမြို့ပေါ်များရှိ လွှက်ရည်ဆိုင်များကို သွားရောက်စားသုံးခြင်းမပြုရန် ရုံးဝန်ထမ်းများကို ပြောဆိုထားသည်ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

"မြို့ကလူတွေကလည်း (မယက)အပါအဝင် သူတို့အသိုင်းအဝိုင်းတွေပိုင်တဲ့ ဆိုင်ကပစ္စည်းတွေကိုယ်မသုံးကြဖို့ အပြန်အလှန်တိုက်ပွဲဝင်ဖို့ ပြင်ဆင်နိုးဆော်နေကြတယ်။ တချို့လည်း သွားမထိုင်ကြတော့ဘူး"ဟု မြို့ခံတဦးကဆိုသည်။

ယခုလ (၁၄)ရက်နေ့ကလည်း တွံတေးမြို့ရှိ မောင်းတီး ဘုန်းကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်နှစ်ပါးကို စစ်အစိုးရအာဏာပိုင်များက ဖမ်းဆီးသွားခဲ့ကာ လူဝတ်လဲထားသည်ဟု ဆိုသည်။

ရန်ကုန်တိုင်း တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ဦးဆောင်လျှါခိုန်းသည့် ဆန်အိတ် ၁၇၆ အိတ်ကိုလည်း ရန်ကုန်ရှိ သရက်တောကျောင်းတိုက်မှ သံဃာများကလက်မခံသဖြင့် ကျောင်းတိုက်အတွင်း ဆန်အိတ်များရှိနေသေးသည်ဟုဆိုသည်။ ■

## စာရေးဆရာ (၂၂)ဦး ထုတ်ဝေခွင့် ပိတ်ပင်ခံရ

*ဒီဗွီဘီ၊ ၁၇ အောက်တိုဘာလ၊၂၀၀၇*

စာရေးဆရာကြီး ဒဂုန်တာရာနဲ့ လူထုစိန်ဝင်း အပါအဝင် နာမည်ကျော်စာရေးဆရာ (၂၂) ယောက်ရဲ့ စာမူတွေကို ထည့်သွင်း မဖော်ပြကြဖို့ ရန်ကုန်မြို့ စာပေစီစစ်ရေးအဖွဲ့က မဂ္ဂဇင်းနဲ့ ဂျာနယ်တိုက်တွေကို လျှို့ဝှက်စာထုတ် ညွှန်ကြားထားတယ်လို့သိရပါတယ်။ ဒီ



အကြောင်းကို စာပေသမားတွေနဲ့ ဒီဗွီဘီက ဆက်သွယ်မေးမြန်းထားပါတယ်။ စာရေးဆရာကြီး ဒဂုန်တာရာ ၊ ဆရာ လူထုစိန်ဝင်းနဲ့ ကာတွန်းဆရာ အော်ပီကျယ်အပါအဝင် နိုင်ငံကျော် စာရေးဆရာ (၂၂) ယောက်ရဲ့ စာမူတွေကို ဂျာနယ်နဲ့ မဂ္ဂဇင်းတွေမှာ ထည့်သွင်းမဖော်ပြကြဖို့ စာပေစီစစ်ရေးရုံးက ညွှန်ကြားထားသလို ခွင့်ပြုပြီးသား စာမူတွေကိုပါ ပြန်လည်ပိတ်ပင်လိုက်ကြောင်း ရန်ကုန်မြို့က အမည်မဖော်လိုတဲ့ ဂျာနယ်အယ်ဒီတာတဦးက ဒီဗွီဘီကို အခုလိုပြောပြပါတယ်။

"တရားဝင်ထုတ်ပြန်တဲ့အနေနဲ့တော့ မဟုတ်သေးဘူးဗျ။ အရင်တုန်းကတော့ သူတို့ ဒီဟာ ခွင့်ပြုချက်ရထားပြီးသား ဥစ္စာတွေကို အခု သူတို့ ပြန်ပိတ်တယ်ပြောတယ်။ ဂျာနယ်မူကြမ်းတွေမှာပါ သူတို့ ခွင့်ပြုချက်ရထားပြီးသားဥစ္စာတွေကိုပါ အခုချိန်မှာ ကင်ဆယ်လုပ်လိုက်တာ။ ဆိုလိုတာက ကျနော်ပြောမယ်ဗျာ။ မနက်ဖြန်ထွက်မဲ့ဂျာနယ်မှာ လူထုစိန်ဝင်းနဲ့ပတ်သက်ပြီး ခွင့်ပြုပြီးသား။ ဒါပေမဲ့ မနက်ဖြန်ထုတ်မဲ့ အဲဒီ ဂျာနယ်မှာ အဲဒီကဏ္ဍကို ကင်ဆယ်လုပ်ပြီးမှ ထွက်ရတော့မှာ။ အဲလို ဖြစ်သွားပြီ။ အဲဒီလို ညွှန်ကြားချက်တွေလာတယ်။ အဲဒီလို နာမည်ကြီးတယ် လုပ်ရဲတယ်ဆိုတဲ့လူမှန်သမျှကို တယောက်မကျန် လိုက်ရှင်းနေမှာပဲ။ အဲဒီကျတော့ ကျန်တဲ့သတ္တိမရှိတဲ့ သူတွေပဲ ကျန်တော့မှာပေါ့။ဒါပဲ ရှိတာပဲ။"

ကလောင်နာမည် အပိတ်ခံရတာကို အထူးတလယ် အံ့သြတုန်လှုပ်တာမျိုးမဖြစ်ပေမဲ့ စာရေးပြီး အသက်မွေးဝမ်းကျောင်း ပြုနေရတဲ့ စာရေးဆရာတွေအတွက်ကတော့ စိတ်မကောင်းဖြစ်မိကြောင်း နိုင်ငံကျော် စာရေးဆရာကြီး ဒဂုန်တာရာက အခုလိုပြောဆိုပါတယ်။

"ကျနော့် ပိတ်တယ်ဆိုတဲ့အသံတော့ အဲဒီဟာကတော့ (၁၀) ရက်လောက်ရှိပြီလား မသိဘူး။ ကျနော်ကတော့ နဂိုကတည်းက ပြောပြီးသားပါ။ ရန်သူ မရှိဘူးဆိုတာ ဒါ ပြောပြီးသားပဲ။ ကျနော်မှာ ရန်သူလို့ သဘောထားတာ မရှိဘူး။ အကုန် မိတ်ဆွေကြီးပဲ။ ရန်သူလို့ သဘောထားစရာ အကြောင်းလဲမရှိဘူး ကျနော့်အတွက်။ ဘာမှတော့ အထူး

"မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မဟိုသတင်းနှင့် ဖြန့်ကြားရေးဌာနမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**Contact: + 66 861 946 711**
**E-mail; shwekhamauk@gmail.com**
**Web site:www.shwekhmauk.wordpress.com**

တလယ် အံ့သြတယ်လဲ မဟုတ်ဘူး။ မဆန်းလဲ မဆန်းပါဘူး။ စာရေးရင်း နဲ့ အသက်မွေးတဲ့သူကိုတော့ ထိခိုက်မှာပေါ့ဗျာ။ ကျနော်ကလဲ စာပဲ ရေးတာရှိတာ။ ဒီ အသက်မွေးဝမ်းကျောင်း လုပ်တဲ့သူကိုတော့ ထိခိုက်နိုင်တယ်။ ”

ဒီလိုမျိုး နာမည်ကြီးစာရေးဆရာတွေကို စားရေးခွင့်ပိတ်ပင်လိုက်တဲ့အတွက် စာဖတ်ပရိသတ်လျော့နည်းသွားပြီး ဂျာနယ်နဲ့မဂ္ဂဇင်းတွေရဲ့ ရပ်တည်ရေးဟာ ပိုမိုခက်ခဲသွားနိုင်တယ်လို့လဲ ရန်ကုန်မြို့က အမည်မဖော်လိုတဲ့ ဂျာနယ်အယ်ဒီတာကပဲ အခုလိုဆက်ပြောသွားပါတယ်။

“အဓိက စာရေးဆရာကြီးနဲ့ပတ်သက်ပြီးတော့ တော်တော်ဖတ်နေကြတဲ့အချိန်မျိုးမှာတော့ အများကြီး ဂရက်ရိုက်နိုင်တာပေါ့။ သူတို့ပါနေကြ မဂ္ဂဇင်းတို့ ပါနေကြ ဂျာနယ်တို့ ဒါတွေကို အဓိကရှာဖွေပြီးတော့ ဖတ်နေတဲ့သူတွေက အများကြီးရှိတယ်လေ။ သူတို့တွေ ကန့်သတ်ပြီးအပိတ်ခံရတယ်ဆိုတဲ့အခါကျတော့ ကျန်တဲ့အပိုင်းမှာ အများကြီးထိခိုက်နိုင်တာပေါ့။ ”

ပိတ်ပင်ခံထားရတဲ့ စာရေးဆရာ (၂၂) ယောက်ရဲ့ အမည်စာရင်းတွေကို ဒီဗွီဘီက အတိအကျ စုံစမ်းရရှိထားပေမဲ့ ကာယကံရှင်တွေရဲ့ ပိတ်ပင်တားမြစ်ချက်အရ ထည့်သွင်းမဖော်ပြခဲ့တာ ဖြစ်ပါတယ်။ စာပေစီစစ်ရေးက အကြောင်းပြချက် တစုံတရာမပေးဘဲနဲ့ စာရေးခွင့်ကို ပိတ်ပင်လိုက်ပေမဲ့ အခု စာရေးခွင့် ပိတ်ပင်လိုက်သူတွေဟာ သံဃာတော်တွေကို ရိုက်နှက်ဖမ်းဆီး ပစ်ခတ်သတ်ဖြတ်ခဲ့တာတွေကိုကန့်ကွက်ကြောင်း နအဖ အာဏာပိုင်တွေဆီ လက်မှတ်ထိုး တင်ပြခဲ့တာကြောင့် ဖြစ်တယ်လို့လဲ စာနယ်ဇင်း အသိုင်းအဝိုင်း အကြား ပြောဆိုနေကြပါတယ်။ ■

## လူသုံးထောင်ခန့် ဖမ်းဆီးထားခဲ့ကြောင်းကို စစ်အစိုးရက ဝန်ခံ

*ဒီဗွီဘီ၊ ၁၇ အောက်တိုဘာလ၊၂၀၀၇*

စက်တင်ဘာ ဆန္ဒပြပွဲများအတွင်း ပြည်သူ (၃၀၀၀) ခန့်ကို ဖမ်းဆီးထားခဲ့ကြောင်း နအဖ စစ်အစိုးရပိုင်သတင်းစာများက ဒီနေ့ ဝန်ခံထုတ်ဖော်ပြပါတယ်။ လူ (၁၀၀၀) ခန့်ကို ဖမ်းထားပါတယ်လို့ နအဖ သတင်းစာတွေက ဒီ့အရင်ကရေးသားခဲ့ပြီး အခုမှဖမ်းဆီးနှုန်း (၃) ဆတိုးပြီး ဝန်ခံဖော်ပြလာတာ ဖြစ်ပါတယ်။ ရန်ကုန်နဲ့ နယ်မြို့များက စုစုပေါင်း လူ (၂၉၂၇) ဦးကို ဖမ်းထားခဲ့ပြီး မနေ့ကအထိ လူ (၂၅၀၀) နီး ပါး ပြန်လွှတ်ပေးလိုက်ပြီလို့ ဒီနေ့ထုတ် မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတို့မှာ ဖော်ပြပါတယ်။

ဆက်လက် ဖမ်းဆီးစစ်ဆေးနေသူ (၅၀၀) နီးပါးရှိနေဆဲလို့လည်း အဲဒီသတင်းမှာ ဖော်ပြထားပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာတလတည်းမှာ ဆန္ဒပြသံဃာတော်များနဲ့ ပြည်သူများကို စစ်အစိုးရက အ ကြမ်းဖက်ပစ်ခတ်ရိုက်နှက်ညှဥ်းပန်းမှုကြောင့် အနည်းဆုံး လူ (၂၀၀) ခန့် သေဆုံးခဲ့ရပြီး (၆၀၀၀) ခန့် ဖမ်းဆီးလိုက်တယ်လို့ ဒီဗွီဘီက သီးခြားစုံစမ်းချက်များအရ သိရှိရပါတယ်။ ■




## အမေရိကန်နှင့် တရုတ် ပူးပေါင်းပြီး ဖိအားပေးလျှင် ဖြစ်နိုင်ချေရှိ

*အာအက်ဖ်အေ၊ ၁၇ အောက်တိုဘာလ၊ ၂၀၀၇*

တရုတ်ပြည်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီ လာရောက်မဲ့ခရီးစဉ်ကို ကြိုဆိုကြောင်းနဲ့ မြန်မာပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကနေရာကနေ ပါဝင်လိုကြောင်း အောက်တိုဘာ ၁၆ ရက် အင်္ဂါနေ့က ပြောကြားခဲ့ပါတယ်။ တရုတ်ပြည်ပါဝင်ဆောင်ရွက်နိုင်မဲ့အနေအထားနဲ့ပတ်သတ်ပြီး မြန်မာ့နိုင်ငံရေးလေ့လာသူ နှစ်ဦးရဲ့အမြင်ကို ဦးအောင်ဆန်းမြင့်က တင်ပြထားပါတယ်။

မြန်မာပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်ကအရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်လိုတယ်လို့ ပြောခဲ့ပါတယ်။ မြန်မာစစ်အစိုးရအပေါ် တရုတ်ပြည်ရဲ့သြဇာလွှမ်းမိုးမှု ဘယ်လောက်ရှိပါသလဲလို့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာရှိတဲ့ မြန်မာနိုင်ငံရေးလေ့လာ ဦးအောင်ကို rfa မှ ဆက်သွယ်မေးမြန်းခဲ့ပါတယ်။ ဦးအောင်ဟာ ကွယ်လွန်သူ ဖဆပလဝန်ကြီးချုပ်ဦးနုရဲ့ သားဖြစ်ပါတယ်။

ဦးအောင်။ ။“တရုတ်အစိုးရအနေနဲ့မစ္စတာဂမ်ဘာရီကို ကြိုဆိုပါတယ်လို့ပြောတာဟာ ပထမခြေလှမ်းအနေနဲ့အင်မတန်မှ တိုးတက်ပြောင်းလဲလာတဲ့ အခြေအနေတခုလို့ ကျနော်တို့ယူဆရမယ်။ အဲဒါက ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ ကြေညာချက်ထွက်နိုင်တာကိုကလည်း တရုတ်ရဲ့ခွင့်ပြုချက် ဒါမှမဟုတ် သဘောတူညီချက်မရပဲ ဘယ်လိုမှ ဒီကြေညာချက် ထွက်လို့မရဘူး။ ဒါဟာ အင်မတန်မှပဲဝမ်းသာစရာကောင်တဲ့ ပထမခြေလှမ်းပဲလို့ ကျနော်တို့က ကြိုဆိုရမှာပဲ။ လူတွေကတော့ပြောနေကြတယ်။ ဘက်ပေါင်းစုံက ဝေဖန်သံတွေကြားဘူးတယ်။ တရုတ်အစိုးရအနေနဲ့ မြန်မာပြည်မှာ သြဇာညောင်းတယ်။အိမ်နီးချင်းနိုင်ငံဖြစ်တဲ့အနေနဲ့ သြဇာညောင်းတယ်ဆိုတဲ့အကြောင်းက တချိန်ကတော့ ဟုတ်တောင် ဟုတ်မယ်။ စစ်အစိုးရက တရုတ်ရဲ့ စစ်လက်နက်ပစ္စည်းကို မှီခိုအားထားနေရတာက နံပတ်တစ်၊နံပတ်နှစ်ကတော့ သူ့ကိုတစုံတခု ကုလသမဂ္ဂမှာ အနောက်နိုင်ငံတွေကနေပြီးတော့ အရေးယူဖို့တင်လာတဲ့အခါမှာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ ဗီတိုအာဏာနဲ့ သူ့ကို အကာအကွယ်ပေးနေတာဆိုတော့ ကျေးဇူးခံကျေးဇူးစား မဟုတ်သည့်တိုင်အောင်၊ သြဇာညောင်းသည် မညောင်းသည့်တိုင်အောင် မြန်မာစစ်အစိုးရအနေနဲ့ အတိုင်းအတာတခုအထိ လက်ခံထားပုံရတယ်။ အခုတော့ လုံခြုံရေးကောင်စီမှာပါ တရုတ်ကမကန့်ကွက်ပဲနဲ့ မစ္စတာ ဂမ်ဘာရီကိုပါ လက်ခံလိုက်ပြန်ပြီဆိုတဲ့အခါကျတော့ တရုတ်က မြန်မာစစ်အစိုးရကို ဘာမှလုပ်ပေးစရာအကြောင်း မရှိတော့ဘူးလို့ ယူဆနိုင်တယ်။ နောက်တခုက ဒီထက်ပိုပြီး အခြေအနေ ပြောင်းလဲသွားတာက တရုတ်ပြည်ရဲ့ တိုးတက်နေတဲ့စီးပွားရေး အခြေအနေကြောင့် မြန်မာစစ်အစိုးရဆီက လောင်စာဆီကို မှီခိုရမဲ့အခြေအနေ ဖြစ်နေတယ်။ မြန်မာနိုင်ငံက သယံဇာတပစ္စည်းကလည်း ကုန်သလောက်ဖြစ်နေပြီ၊ အကုန်လိုမ့်ဝယ်နေတာ။ စီးပွားရေးအခြေအနေအရ ပြောင်းလဲသွားသလို လုံခြုံရေးကောင်စီကိစ္စနဲ့ ကြည့်ပြန်ရင်လည်း အခြေအနေက ပြောင်းသွားပြီဆိုတော့ လူတွေပြောနေတဲ့ သြဇာသက်ရောက်မှုဆိုတာ ကျနော်တော့ အစကတည်းက အယုံအကြည်မရှိဘူး။ အခုလည်း အယုံအကြည်မရှိဘူး။ မြန်မာစစ်အစိုးရအနေနဲ့ သူတို့လုပ်ချင်တာ တောက်လျှောက်လုပ်နေတာ၊ အဲဒါ ကျနော့အမြင်ပါ။”

တရုတ်ပြည်မှာရှိနေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးဖိုးသံချောင်းကတော့ တရုတ်နဲ့အမေရိကန်နှစ်နိုင်ငံပေါင်းပြီး ဖြေရှင်းရင် ပိုမိုအောင်မြင်နိုင်မယ်လို့ပြောပါတယ်။

## ★အာဏာရှူးစစ်အစိုး၏ ရက်စက်ရတ်မာမှုများအား ရဲဝံ့စွာဖေါ်ထုတ်ကြ။

ဦးဖိုးသံချောင်း။ ။"မြန်မာစစ်အစိုးရဟာ တရုတ်ကနေဖိအား ပေးတာ၊ အကျပ်ကိုင်တာမျိုးဆိုရင် သူတို့လက်ခံမှာမဟုတ်ဖူး။ မြန်မာစစ်အစိုးရမှာ လူမျိုးရေးအမြင်အပြည့်ရှိတယ်။ တရုတ်၊ ကုလားဆန့်ကျင်ရေး ရေးကတည်းကရှိတာ၊ အခုမှမဟုတ်ဖူး။ ပြည်တွင်းက လူမျိုးစုတွေအပေါ်မှာလည်း သူက လူမျိုးရေးအရရှိတယ်။ အခုအခါ တရုတ်ဖဲချပ်ကို ထုတ်သုံးနေတဲ့ အဓိပ္ပါယ်ပဲ၊ ဒီထက်မပိုဘူး။ တရုတ်က ဖိအားပေးတယ်ဆိုတာ သူလက်ခံမှာမဟုတ်ဘူး။ ဘာမှပြေလည်မှာမဟုတ်ဘူး။ ကျနော်တို့မျှော်လင့်တာက ဟိုတခါ တရုတ်ပြည်မှာ အမေရိကန်နဲ့ မြန်မာစစ်အစိုးရ ပီကင်းမှာ တွေ့တယ်ဆိုတဲ့ဟာ အတော်အလားအလာကောင်းတယ်လို့ ကျနော်တို့မြင်တယ်။ ဘာကြောင့်လည်းဆိုတော့ မြန်မာစစ်အစိုးရတကယ်မိတ်ဆွေဖြစ်ချင်တာက၊ သပြေခက်ကမ်းချင်နေတာက အမေရိကန်၊ ဒါပေမဲ့ ချဉ်းကပ်မရလို့၊ အမေရိကန်အပါအဝင် အားလုံးကဝိုင်းပြီးတော့ မြန်မာစစ်အစိုးရကို လက်ခံနိုင်အောင် ဝိုင်းပြောနိုင်တဲ့ဟာ၊ ကုလသမဂ္ဂလို လူကြားသူကြားထဲမှာဆို မြန်မာစစ်အစိုးရက လက်ခံမှာမဟုတ်ဘူး၊ ရှက်တယ်။ တိုးတိုးတိတ်တိတ် ဖြေရှင်းတာ ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ်ရင်ဆိုရင်လည်း အရင်တခါ ပီကင်းမှာ တွေ့တုန်းကဆိုလို့ရှိရင် ကမ္ဘာကို ဘာမှအသိမပေးဘူးလေ။ တွေ့တယ်ဆိုတာပဲရှိတယ်။ အဲလိုနည်းနဲ့ ကမ္ဘာကို နည်းနည်းပါးပါးဖော်ပြပြီးတော့ ကြိတ်ပြီးတော့ ဖြေရှင်းတဲ့ဟာမျိုး၊ ဘယ်လိုနည်းနဲ့ပဲဖြစ်စေ တရုတ်ပြည်ဟာ နိုင်ငံတကာ မိသားစုနဲ့ပေါင်းပြီးတော့ မြန်မာပြည်ကိစ္စကို သူတတ်နိုင်သလောက် ဖြေရှင်းပေးနိုင်ရင်ကောင်းတယ်လို့ ကျနော်တို့ယူဆပါတယ်။ မြန်မာပြည်အပေါ်မှာ ဒီနေ့ နိုင်ငံတကာအခြေအနေ ဘယ်လိုပဲဖြစ်ဖြစ် သူ့နယ်ပယ်လေးတွေနဲ့ ရှိမယ်။ တရုတ်ပြည်ပတ်ဝန်းကျင်ရဲ့ ပြဿနာကို တရုတ်ပြည်က ပါဝင်ဖြေရှင်းရတယ်။ အမေရိကန်ပတ်ဝန်းကျင်က ပြဿနာကို အမေရိကန် ပါဝင်ဖြေရှင်းရတယ်။ ရုရှပတ်ဝန်းကျင်က ပြဿနာကိုရုရှပါဝင်ဖြေရှင်းရတယ်။ တရုတ်ပြည်ဘေးမှာရှိနေတဲ့ မြန်မာပြည်ပြဿနာကို တရုတ်ပြည်ပါသင့်တယ်။ သူချည်းပဲကတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ အဲဒါကို အမေရိကန်လို တရုတ်နဲ့ ဟိုဘက်ဒီဘက်လို့ ထင်ရတဲ့ဟာမျိုးပေ့ါလေ။ အင်အားစုတခုပေ့ါလေ၊ အဲလိုဝိုင်းပြီး ညှိပြီးဖြေရှင်းကြရင် မြန်မာစစ်အစိုးရကလည်း နဂိုကတည်းက အမေရိကန်ကို မျက်စပစ်နေတာ၊ တဖက်သတ် ကြိတ်ပိုးနေတာ ကြာလှပြီ။ တိတ်တဆိတ် တမန်တွေလွှတ်နေတာ ကြာလှပြီ။ အဲလိုအချိန်မျိုးမှာ ဖြေရှင်းရင်ရနိုင်တယ်လို့ ကျနော်ထင်တယ်။ မြန်မာစစ်အစိုးရဟာ အဲဒီထွက်ပေါက်တွေဆိုလို့ရှိရင် သူ့အတွက်စဉ်းစားစရာတွေ အများကြီးရလိမ့်မယ်လို့ထင်တယ်။ လောလောဆယ်ဆယ် သာမန်ချဉ်းကပ်တဲ့နည်းနဲ့ဆိုရင် သပိတ်မှောက်တဲ့နည်းတခုတည်းတော့ သူတို့က တုံးတိုက်တိုက် ကျားကိုက်ကိုက် သူ့အတွက်ကတော့ နောင်ရိုးစစ်ပွဲရောက်နေပြီ။ သူရင်ဆိုင်မှာပဲ၊ အဲဒီတော့ ကျနော်တို့က ပြည်သူဘက်ကလည်း ခုနကပြောသလို တိုက်ပွဲတွေနဲ့ ဖိအားပေးပြီးတော့ နိုင်ငံတကာကလည်း ခုနတုန်းကလို တဖြည်းဖြည်း နားချတဲ့ဟာနဲ့ပေါင်းသွား ရမယ်လို့ကျနော်ထင်ပါတယ်။"

တရုတ်ပြည်က မြန်မာပြည်အရေးပါဝင် ကူညီမဲ့အနေအထားနဲ့ မြန်မာစစ်အစိုးရက ဒီမိုကရေစီစနစ်ကိုပြောင်းလဲလာနိုင်မဲ့ အနေအထားတွေနဲ့ ပတ်သက်ပြီး ကွယ်လွန်သူ ဖဆပလ ဝန်ကြီးချုပ်ဦးနုရဲ့သား ဦးအောင်နဲ့ ဗကပ ပြောခွင့်ရ ဦးဖိုးသံချောင်းတို့ရဲ့ အမြင်တွေကို စုစည်းတင်ပြထားတာ ဖြစ်ပါတယ်။ ■

---

## ဦးဆောင်သံဃာတော် အရှင်ဂမ္ဘီရမှ ကမ္ဘာသို့ မှာကြားချက်များ

*အာအက်ဖ်အေ၊ ၁၇ အောက်တိုဘာလ၊ ၂၀၀၇*

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ မြန်မာသံရုံးရှေ့တွင် မြန်မာစစ်အစိုးရ၏ အကြမ်းဖက်လုပ်ရပ်ကို အောက်တိုဘာ ၈ ရက်နေ့က ကန့်ကွက်ဆန္ဒပြနေသော သံဃာများဖြစ်ပါသည်။ သံဃာ့တပ်ပေါင်းစုမှ ဦးဆောင်သံဃာ အရှင်ဂမ္ဘီရက နိုင်ငံတကာသံဃာ့တပ်ပေါင်းစုဖွဲ့စည်းလုပ်ကိုင်ရန် တိုက်တွန်းသွားပါသည်။

မြန်မာနိုင်ငံအတွင်းက သံဃာ့လှုပ်ရှားမှု ဦးဆောင်ရဟန်းတပါးဖြစ်သူ အရှင်ဂမ္ဘီရက ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီကို မှာကြားလိုတဲ့အချက်တွေ၊ နိုင်ငံတကာလူထုကို မှာကြားချက်တွေ၊ အမေရိကန်သမ္မတကို မှာကြားချက်တွေကို ရှောင်တိမ်းနေတဲ့တနေရာကနေ မိန့်ကြားသွားပါတယ်။


ပထမဆုံးအနေနဲ့ နိုင်ငံတကာရောက် သံဃာတွေအနေနဲ့ နိုင်ငံတကာသံဃာ့တပ်ပေါင်းစုဖွဲ့ပြီး ဆက်လက်တာဝန်ယူဖို့ အခုလို ဆက်လက်လျှောက်ထားပါတယ်။

အရှင်ဂမ္ဘီရ။ ။"အပြင်မှာရှိတဲ့သံဃာတွေက ညီညီညွတ်ညွတ်နဲ့ မြန်မာ့အရေးအတွက် လှုပ်ရှားမှုတွေကို နိုင်ငံတကာမှာဆက်ပြီးတော့ရှိနေဖို့ အဲဒါအရေးကြီးတယ်။ ပြည်တွင်းမှာတော့ ဘယ်လိုမှမလုပ်နိုင်တော့ဘူး။ ချေမှုန်းရေးကိုပြင်းပြင်းထန်ထန် ချနေတယ်။ နိုင်ငံတကာမှာ မြန်မာ့အရေး လှုပ်ရှားမှုတွေကို ညီညီညွတ်ညွတ်နဲ့ တိုင်တိုင်ပင်ပင်လုပ်ကြဖို့ကို အထူးမှာချင်ပါတယ်။ နိုင်ငံတကာမှာရှိတဲ့ သံဃာတွေအနေနဲ့ အခုဟာ အရေးတကြီး အချိန်ရောက်နေပြီ။ အရှင်ဘုရားတို့ရဲ့ တာဝန်ဖြစ်သွားပြီ။ အဲဒီမှာ အမေရိကားရဲ့ သံဃာ့ကိုယ်စားလှယ်၊ ကနေဒါက သံဃာ့ကိုယ်စားလှယ်၊ ဂျာမနီက သံဃာ့ကိုယ်စားလှယ် စသဖြင့် အဲလိုမျိုး လုပ်နိုင်ရင် တော်တော်ကောင်းမယ်။ နိုင်ငံတကာသံဃာ့တပ်ပေါင်းစုပေ့ါ။"

"ဂမ်ဘာရီကို တွေ့ခွင့်ရခဲ့သည်ရှိရင် ပြောစရာကတော့ မြန်မာ့အရေးကို ထိရောက်တဲ့ လက်တွေ့ကျတဲ့ လှုပ်ရှားမှုလုပ်ပါလို့၊ စီးပွားရေး ပိတ်ဆို့မှုတို့၊ လက်နက်ရောင်းချမှု ပိတ်ဆို့မှုဆိုတာတွေက နောက် ၁၀ နှစ်လောက်မှ နိုင်ငံရေးအရ လိုက်လာမှာဖြစ်တယ်။ အခုလောလောဆယ် ဒီနေ့က အရေးကြီးတယ်၊ မနေ့က အရေးကြီးတယ်၊ မနက်ဖြန်အတွက် အရေးကြီးတယ်။ ဒီရက်ပိုင်းတွေမှာ အရေးကြီးနေပါတယ်လို့၊ ဂမ်ဘာရီအနေနဲ့ တကယ်တက်ကြွကြွ မြန်မာ့အရေးကို လှုပ်ရှားပေးတာအများကြီး ကျေးဇူးတင်ပါတယ်ဆိုတဲ့အကြောင်း ပြောချင်ပါတယ်။ တကယ်တော့ ဒီထက်ထိရောက်တဲ့ လက်တွေ့ကျတဲ့ဟာတွေကို ဖော်ထုတ်ပေးပါလို့ ပြောချင်ပါတယ်။"

ဒီ့အပြင် အမေရိကန်သမတနဲ့ နိုင်ငံတကာ လူထုကိုလည်း အရှင်ဂမ္ဘီရက အမှာစကား ပါးပါတယ်။ ■

---





**ဆန္ဒပြပွဲများအတွင်း အသက်ခံခဲ့ရသော သံဃာတော်များ**

## စစ်အစိုးရက ပြန်လွှတ်ပေးသူ အရေအတွက် မမှန်ကန်ဟု AAPP အဖွဲ့ကပြောဆို

*ဗွီအိုအေ၊ ၁၇ အောက်တိုဘာလ၊၂၀၀၇*

ပြီးခဲ့တဲ့ ဆန္ဒပြပွဲတွေ အတွင်းမှာ ရဟန်းရှင်လူ သုံးထောင် လောက်ကို ဖမ်းတယ်လို့ အာဏာပိုင်တွေကဆိုပါတယ်။ အဲဒီအထဲက နှစ်ထောင်ကျော်ကို ပြန်လွှတ်ပေးတယ်လို့ သတင်းစာတွေထဲမှာ ကြေညာထားတာတွေ့ရပါတယ်။ ဒီကိန်းဂဏန်းတွေဟာ ဘယ်လောက်အထိမှန်သလဲ၊ သီးခြားအတည်ပြုချက်တွေရှိ မရှိဆိုတာကိုဦးသိန်းထိုက်ဦးက စုံစမ်းမေးမြန်းထားပါတယ်။

စစ်အစိုးရရဲ့ တရားဝင်စာရင်းဇယားမှာ ပြန်လွှတ်ပေးတာ (၂၅၀၀) ရှိသွားပြီဆိုတော့၊ ခေါ်ယူစစ်ဆေးတာပဲ ဆိုဆို၊ ဖမ်းထားတယ်ပဲပြောပြော သူတို့ဖမ်းထားတာ ဒီထက်မကများတယ်၊ ဒီကာလအတွင်းမှာ သူတို့ ဖမ်းခဲ့တာ (၃၀၀၀) လောက်ရှိပါတယ်လို့ ဝန်ခံလိုက်သလိုတော့ဖြစ်သွားပါတယ်။ ဒါပေမယ့်လည်း ဘယ်သူတွေအဖမ်းခံရတယ်၊ ဘယ်သူတွေ ပြန်လည်လွတ်မြောက်လာတယ်ဆိုတာမျိုး တိတိကျကျမရှိဘူးဆိုပြီးတော့ AAPP နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်းက တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်က ဝေဖန်ပါတယ်။ သူတို့ရတဲ့စာရင်းတွေနဲ့လည်း ကွဲလွဲမှုရှိနေတယ်လို့ ကိုဘိုကြည်က အခုလိုဆိုပါတယ်။

"နအဖက (၂၅၀၀) ပြန်လွှတ်တယ်ဆိုတဲ့အခါမှာ သူတို့က ဘယ်သူတွေကိုလွှတ်တယ်ဆိုတဲ့ နာမယ် အတိအကျတွေနဲ့ ထုတ်ပြန်ပြောဆိုတာမျိုးမရှိသေးဘူး၊ သူတို့က အရေအတွက်ပဲ ပြောနေတာဖြစ်တယ်။ နောက်တခုက ကျွန်တော်တို့ သိထားတဲ့စာရင်းအရ အကျဉ်းထောင်ထဲမှာ လက်ရှိ ထိန်းသိမ်းထားတာ သူတို့ပြောတဲ့ ၄ဖ၈ယောက်ထက်တော့မကဘူး ကျန်နေသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဖမ်းအဆီးတွေက ဆက်တိုက်ပဲ ရှိနေသေးတယ်။ မနေ့ညကဆိုလည်း မန္တလေးက ကိုရွှေမောင်တို့ ဖမ်းခံရတာမျိုးတွေရှိတယ်။ ကျွန်တော်တို့ လက်လှမ်းမီသလောက် စုဆောင်းထားတဲ့ အချက်အလက်တွေအရ နာမည် (၇၀၀) လောက်ရထားပါတယ်။ အဲဒီအပြင်ကို အခုလက်ရှိ ကျွန်တော်တို့ ဆက်ပြီး လက်လှမ်းမမီလို့ မရသေးတဲ့သူတွေလည်း ရှိသေးတယ်။ ကျွန်တော်တို့အမြင်အရ ထောင်ထဲမှာ ၂၀၀၀ ပတ်ဝန်းကျင်လောက် ထိန်းသိမ်းထားတဲ့သူတွေ ကျန်နေအုံးမယ်။"

အခုအချိန်အထိ ဖမ်းနေတယ်ဆိုတဲ့ သတင်းတွေရနေတုန်းပါပဲ။ လူတွေကို ထောင်ထဲ၊ အချုပ်ထဲ ဖမ်းထားတာထက်စာရင် ပြန်လွှတ်ပေးတယ်ဆိုတာ ကောင်းတဲ့ လက္ခဏာလို့ ယေဘူရ သုံးသပ်ရမှာပါ။ ဒါပေမယ့် တိုးတက်မှုလို့၊ ဒါမှမဟုတ် စစ်အစိုးရက အလျော့ပေးတယ်လို့ ပြောဖို့ရန် အတွက်ကတော့ စစ်အစိုးရကိုယ်တိုင်က နောက်နောင် မဖမ်းတော့ပါဘူးလို့ဆိုတဲ့ကတိမျိုးတော့လိုလိမ့်မယ်လို့ ပြောဆိုသံတွေတော့ ကြားရပါတယ်။ ဖမ်းထားခံရတဲ့ သူအားလုံးကိုလည်း ပြန်လွှတ်ပေးရမယ်လို့လည်း တောင်းဆိုသံတွေကြားရပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေထဲက မနီလာသိန်းက ဒီကိစ္စနဲ့ပက်သက်ပြီး အခုလိုပြောပါတယ်။

"ဒီဟာကို တိုးတက်မှုလို့လည်း ပြောလို့မရပါဘူး။ သူတို့ဘက်ကလျော့ပေးတယ်လို့လည်းပြောလို့မရပါဘူး။ ကျမတို့ တကယ်တမ်းစာရင်းမှာရှိတဲ့ သူတွေ တယောက်မှ လွှတ်လာတဲ့ထဲမှာ မပါသေးပါဘူး။ သူတို့လွှတ်လိုက်တယ်လို့ပြောပေမယ့် လွှတ်လိုက်တဲ့စာရင်းကို နာမည်နဲ့ တိတိကျကျမထုတ်ဖော်နိုင်တဲ့အပြင် ထုတ်ဖော်ပြထားခြင်းလည်း မရှိပါဘူး။"

မိသားစုအနေနဲ့ ဖမ်းခံထားတဲ့သူတွေကို သွားတွေ့ဖို့ အတွက်တော့ ဘယ်နေရာမှာ ဖမ်းထားတယ်ဆိုတာ မသိရတဲ့အတွက် အခက်အခဲရှိပါတယ်။ တချို့ကတော့ အဖမ်းခံရတယ် မခံရဘူးဆိုတာ မသိရဘဲ ပျောက်ဆုံးနေတဲ့သူတွေလည်း ရှိတယ်ဆိုတာကို ပြည်တွင်း နိုင်ငံရေး အသိုင်းအဝိုင်းက ပြောနေကြပါတယ်။ မနီလာသိန်းကတော့ ဒီကိစ္စနဲ့ပက်သက်လို့ အခုလိုပြောပါတယ်။

"ကျမတို့ ၈၈မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေထဲမှာမှ မဟုတ်ပါဘူး၊ ရဟန်း သံဃာတော်တွေအပါအဝင် ကျောင်းသားပြည်သူတွေမှာပါ အခုအချိန်အထိ ပျောက်ဆုံးနေသူတွေ အများကြီးရှိပါတယ်။ သေဆုံးသွားတဲ့ သူတွေလည်း ရှိပါတယ်။" ■

---

## န အ ဖ စစ်အစိုးရသည် အပြောနဲ့အလုပ် တခြားစီဖြစ်နေဟု အဖွဲ့ချုပ် ဝေဖန်လိုက်

*ဒီဗွီဘီ၊ ၁၇ အောက်တိုဘာလ၊၂၀၀၇*

တဖက်မှာ ဆွေးနွေးပွဲလုပ်မယ်ပြောထားပြီး အခြားတဖက်မှာတော့ ဖမ်းဆီးမှုတွေ၊ ထောင်ချမှုတွေတိုးလုပ်နေတဲ့ စစ်အစိုးရရဲ့ လုပ်ရပ်တွေဟာ အပြောနဲ့အလုပ် တခြားစီဖြစ်နေတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီကနေ့ ဝေဖန်ပြောဆိုလိုက်ပါတယ်။ သူတို့ရဲ့ပါတီဝင် (၄) ဦး မနေ့ကထောင် (၇) နှစ်ကျော်ချခံလိုက်ရပြီး နောက်ထပ် (၃) ဦးထပ်ဖမ်းခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီးမေးမြန်းစဉ် ပါတီပြန်ကြားရေးအဖွဲ့ဝင် ဦးဟံသာမြင့်က အခုလိုပြောဆိုလိုက်တာဖြစ်ပါတယ်။

"ကျနော်တို့ကတော့ ဒီကိစ္စနဲ့ဖမ်းထားတဲ့လူအားလုံးကို လွှတ်ဖို့ ကျနော်တို့ တောင်းဆိုထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်တဲ့ကိစ္စက တောက်လျှောက် ဘာမှအကြမ်းဖက်ခဲ့တာလဲ မရှိဘူး။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဆန္ဒပြတဲ့ ကိစ္စမှာ ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြခဲ့တယ်ဆိုရင်လဲပဲ ဘာမှ ထောင်ချစရာအကြောင်း (၇)နှစ်ချဖို့အကြောင်းမရှိဘူးလို့ ကျနော်တို့က ယူဆတယ်လေ။ ဒါက ကျနော်တို့ယုံကြည်ချက်က ဒီအတိုင်းပဲ ဘာမှလုပ်တာမှ မဟုတ်တာ။ နောက်တခါ အခုကြည့်ရတာက ခုနတုန်းက ဦးကျော်ခိုင်တို့လို့ နောက် ကိုမင်းအောင်တို့ကျတဲ့ကိစ္စမှာ သူတို့တွေက သူတို့ပြောတဲ့ ကာလတွေမှာ သူတို့စွပ်စွဲတဲ့ကာလတွေမှာ တောက်လျှောက်က ကျနော်တို့ မျက်စိအောက်တင်ပဲ ရန်ကုန်ကိုရောက်နေကြတာပဲ။ အဲဒီလို လုပ်တာကို ဒီလိုပဲ ဘယ်လိုမှကို ခုခံလို့မရဘဲ ဒီအတိုင်းပဲ ထောင်ချလိုက်တယ်ဆိုတာက သက်သက်ကို အန်အယ်လ်ဒီအဖွဲ့ဝင်မို့လို့ အပြစ်ရှိတယ်။ မင်းတို့က အဖွဲ့ဝင်ဖြစ်တာနဲ့ကို သက်သက်ချနေတဲ့ သဘောမျိုးဖြစ်နေတယ်လို့ ကျနော်တို့ ယူဆတယ်။ အဲဒါကတော့ သိပ်ပြီးတော့ မကောင်းဘူးပေ့ါဗျာ။ မဖြစ်သင့်ဘူးလို့ ကျနော်ယူဆပါတယ်။"

ဒီဗွီဘီ။ ။ ဟုတ်ကဲ့ ဆိုတဲ့အခါကျတော့ အခုနစာရင်းအရဆို အဖွဲ့ချုပ်ပါတီဝင်ချည်းပဲ (၂၈၀) ပေ့ါလေ၊ တခြားအားလုံးပေါင်းမယ်ဆိုရင် ကျနော်တို့ စာရင်းအရ ထောင်နဲ့ချီရှိတယ်ဗျ။ ထောင်နဲ့ချီဖမ်းတယ်။ အဲဒီအထဲက လူတချို့ အခုထောင်ချတယ်ပေ့ါ။ ထောင်ချတဲ့အခါမှာလဲ ဆိုလိုတာက ဖမ်းထားတဲ့သူတွေကိုလဲ အိုင်စီအာစီအပါအဝင် မိသားစုနဲ့ တွေ့ခွင့်မပေးဘူး။ ထောင်ချတဲ့လူတွေကိုလဲ ရှေ့နေငှားခွင့်မပေးပဲနဲ့ ဒီအတိုင်းပဲ အကျဉ်းရုံးစီရင်တယ်ဆိုတော့ အဲဒါတွေ ကျတော့ရောခင်ဗျ။

"အဲဒါတွေကတော့ ဘယ်လိုနည်းနဲ့ ဘယ်လိုလုပ်နေတယ်ဆိုတာတော့ အသေအချာ ကျနော်တို့လဲမသိရဘူး။ မသိရတော့ အမှန်အတိုင်းကတော့ လုပ်နည်းလုပ်ထုံးအတိုင်း မလုပ်ဘူးလို့ ယူဆပါတယ်။ အဲ

တော့ ဒါကတော့ ဟိုဒင်းမဖြစ်သင့်ဘူး။ ဒါတွေအတွက်လဲဆက်ပြီးတော့ ဥပဒေကြောင်းအရ ဆက်ပြီးတော့လုပ်ဖို့ စဉ်းစားထားပါတယ်။"

ဒီဗွီဘီ။ ။ ဟုတ်ကဲ့ ကျနော် အဲဒါကိုထပ်ပြီးတော့ နောက်ဆုံးမေးချင်တာကတော့ဗျာ။ အခု ထောင်ချတယ်ပေ့ါနော်၊ (၇) နှစ်၊ ဖမ်းတာကတော့ အရင်ကတည်းက ဆန္ဒပြပွဲတလျှောက်လုံးဖမ်း အခုထိလဲဖမ်းနေတုန်းပေ့ါ။ အထူးသဖြင့် ထောင်ချတာက တကယ်ကတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးမယ်ပြောထားတယ်။ ဆက်သွယ်ရေး၊ ဆက်ဆံရေးဝန်ကြီးလဲ ခန့်ထားတယ်။ ယူအန်လုံခြုံရေးကောင်စီကလဲပြောထားပြီးတဲ့နောက်မှ ဆွေးနွေးပွဲတွေ တကယ်ဖြစ်တော့မလားလို့ ထင်နေတဲ့အချိန်မှာ ဒီလိုမျိုးထောင်ချတာတို့၊ ထပ်ဖမ်းတာတို့ လုပ်နေတဲ့အပေါ်မှာရောခင်ဗျ။ အလားအလာ ဘယ်လိုမြင်လဲခင်ဗျ။

"ဒါကတော့ ကျနော်တို့ နားလည်ထားသမျှကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဆွေးနွေးဖို့ဆိုတဲ့ဟာကတော့ သူတို့ကနေ လုပ်နေတယ်ပေ့ါဗျာ။ အဲဒါကတော့ ဒီအပေါ်မှာတော့ ကျနော်တို့အနေနဲ့ ထပ်ပြီးတော့ မပြောချင်ပါဘူး။ ဒီအတိုင်းဖြစ်လာလိမ့်မယ်လို့ မျှော်လင့်လို့ပြောနေတာပေ့ါ။ အခု သူတို့ တကယ့်လက်တွေ့လုပ်ရပ်ကတော့ ဆက်ပြီးတော့ဖမ်းနေတယ်။ ဆက်ပြီးတော့ ထောင်ချနေတယ်ဆိုတာပဲမြင်နေရတော့ လက်တွေ့လုပ်ရပ်ကတော့ တမျိုးပေ့ါ။ ဟိုဖက်ကလဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့မယ်လို့ပြောနေတာ နှစ်မျိုးဖြစ်နေတယ်။ အဲဒီလို ယူဆပါတယ်။" ■

---

## အလင်းရောင်ဆရာတော်ကို ပြန်ပေးဆွဲတာတဲ့

*ဒီဗွီဘီ၊ ၁၇ အောက်တိုဘာလ၊၂၀၀၇*

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းဒလယ်ဘောင် ( စာနဲ့ရေးရင် ကုန်းတလဘောင်) ကျေးရွာက အလင်းရောင်ဆရာတော်ကို အခုလ (၂) ရက်နေ့ ညကတဲကဖမ်းဆီးသွားပြီး အခုထိပြန်လွှတ်မလာသေးကြောင်း ဒေသခံတွေက ပြောပြပါတယ်။ အခုလ (၂) ရက်နေ့ညပိုင်းက ရန်ကုန်တိုင်း စစ်ဌာနချုပ် လက်အောက်ခံတပ်သားတွေ ရွာကိုရောက်လာပြီး သစ္စာမဏ္ဍိုင်ကျောင်းတိုက်ကို ဝင်ရောက်စီးနင်းခဲ့တယ် ဆိုပါတယ်။ ကျောင်းတခါးတွေကို စစ်ဖိနပ်တွေနဲ့ အတင်းရိုက်ချိုးဖျက်စီးခဲ့တယ် ပြောပါတယ်။

အဲဒီနောက် တိုက်အုပ်ဆရာတော် အလင်းရောင်ဆရာတော် တပါးထဲကို ဖမ်းဆီးသွားတယ် ပြောပါတယ်။ အခုထိ ပြန်လွှတ်မပေးတဲ့အတွက် ဒေသခံတွေက တိုင်းစစ်ဌာနချုပ်ကိုသွားမေးရာမှာ ငြိမ်းချမ်းစွာဆန္ဒပြ ဦးဆောင်တဲ့အထဲမှာ အလင်းရောင် ဆရာတော်ရဲ့ညီ ဦးပဇင်းတပါး ပါဝင်ကြောင်းနဲ့ အဲဒီ ဦးပဇင်းကိုဖမ်းမိမှ အလင်းရောင်ဆရာတော်ကို ပြန်လွှတ်ပေးမယ်လို့ပြောခဲ့ကြောင်း ဒေသခံတွေက ဒီဗွီဘီကို ပြောပြခဲ့ပါတယ်။ ■

---

## မားမြတွေ အဝေမတဲ့လို့ တိုင်းစစ်ဌာနချုပ်က ဝင်ရှင်းပေးရသတဲ့

*ဒီဗွီဘီ၊ ၁၇ အောက်တိုဘာလ၊၂၀၀၇*

ပြီးခဲ့တဲ့လ (၂၆) နဲ့ (၂၇) ရက်တွေက ဆန္ဒပြသူတွေဆီကနေ လုယူခဲ့တဲ့ ပစ္စည်းတွေနဲ့ပတ်သက်လို့ အာဏာပိုင်တွေနဲ့ နယ်မြေခံစွမ်းအားရှင်တွေကြား အဝေမတည့်မှုတွေဖြစ်နေလို့ တိုင်းစစ်ဌာနချုပ်က ဝင်ဖြေရှင်းပေးနေရကြောင်း မင်္ဂလာဒုံတပ်မြေ နေထိုင်သူတွေက ပြောပါတယ်။ ဆူးလေဘုရားအနီး ငြိမ်းချမ်းစွာဆန္ဒပြသူတွေကို ရိုက်နှက်ဖမ်းဆီးရာမှာ မင်ဂလာဒုံမြို့နယ် မယကဥက္ကဋ္ဌ ဦးမျိုးနောင်ဦးစီးတဲ့အဖွဲ့လဲပါဝင်တယ် ဆိုပါတယ်။ အဲဒီအဖွဲ့မှာ အဓိကဦးဆောင်ပါဝင်ခဲ့သူတွေကတော့ ရယကဥက္ကဋ္ဌ ဦးဖိုးဆယ်နဲ့ အဖွဲ့ဝင် အောင်ကျော်မြင့်၊ ကြံ့ခိုင်ရေးတာဝန်ခံ တင့်ဆွေ၊ မီးသတ်တပ်ဖွဲ့က သိန်းဌေးတို့ဖြစ်တယ် ဆိုပါတယ်။ ဆန္ဒပြသူတွေကို မြို့တော်ခန်းမထဲကို ဆွဲခေါ်ရိုက်နှက်ရင်း ရွှေဆွဲကြိုး (၅) ကုံးနဲ့ အဖိုးတန်စက်ဘီးတစီးကို ဦးမျိုးနောင်နဲ့အဖွဲ့က သိမ်းယူခဲ့တယ်လို့ သိရပါတယ်။

အခုလ (၇) ရက်နေ့ ညကတော့ ဆွဲကြိုး (၂) ကုံးကို ရောင်းစားပြီး မယက ရယက ကြံ့ခိုင်ရေး မီးသတ်နဲ့ စွမ်းအားရှင်တွေအတွက် ညစာ စားပွဲကျင်းပခဲ့တယ် ဆိုပါတယ်။ ဒါပေမဲ့ ကျန်တဲ့ဆွဲကြိုး (၃) ကုန်းနဲ့ စက်ဘီးကိုတော့ မယက ဥက္ကဋ္ဌ ဦးမျိုးနောင်ကပဲ ယူလိုက်တယ်လို့ ပြောပါတယ်။ အဲဒီအပေါ် ကျန်သူတွေကမကျေနပ်ရာကနေ အထက်ကိုတိုင်တောမှုတွေ ဖြစ်ခဲ့ရတာလို့ အခု စစ်တိုင်းဌာနက ကြားဝင်ဖြန်ဖြေပေးနေရတာ ဖြစ်တယ်လို့ မင်္ဂလာဒုံမြို့နယ်ရှိ ပြည်သူတွေရဲ့ ပြောကြားချက်အရ သိရပါတယ်။ ■

---

## ပြည်ပတွင်ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သူများကို ရန်ကုန်လေဆိပ်၌ စောင့်ဖမ်းနေ

*ဒီဗွီဘီ၊ ၁၇ အောက်တိုဘာလ၊၂၀၀၇*

ပြည်ပမှာ အလုပ်သွားလုပ်သူတွေနဲ့ ပညာသင်သွားတဲ့ ကျောင်းသားတွေ မြန်မာနိုင်ငံကိုပြန်သွားတဲ့အခါ ရန်ကုန်လေဆိပ်မှာ အဖမ်းခံနေကြရပါတယ်။ ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာသံရုံးတွေက ပေးပို့ထားတဲ့ဓာတ်ပုံ၊ ဗွီဒီယိုမှတ်တမ်းတွေအရ နိုင်ငံတကာဆန္ဒပြပွဲတွေမှာ ပါဝင်ခဲ့သူတွေကို မြန်မာပြည်အပြန်မှာ ဖမ်းဆီးဖို့အတွက် အခုလိုလုပ်ဆောင်နေတာလို့ ရန်ကုန်လေဆိပ်ဝန်ထမ်းများထံက သိရပါတယ်။

အခုရက်ပိုင်းအတွင်း ပြည်ပကပြန်လာသူ (၂) ဦးတို့ကို နအဖအာဏာပိုင်များက ရန်ကုန်လေဆိပ်မှာ ဖမ်းဆီးလိုက်ပါတယ်။ အဲဒီ (၂) ဦးဟာ စမ်းချောင်းမြို့နယ်မှာ နေထိုင်သူတဦးနဲ့ တာမွေမြို့နယ်မှာ နေထိုင်သူတဦးတို့ဖြစ်ကြောင်း စုံစမ်းသိရှိရပြီး ရန်ကုန်လေဆိပ်မှာ ထပ်မံဖမ်းဆီးခံနေရသူတွေလည်းရှိနေကြောင်း သိရှိရပါတယ်။

ဖမ်းဆီးသူ အာဏာပိုင်တွေဟာ ဓာတ်ပုံတွေကိုင်ထားပြီး ဝင်လာသူတွေရဲ့မျက်နှာနဲ့ တိုက်ဆိုင်စစ်ဆေးနေတယ်လို့ ကိုယ်တိုင်အစစ်အဆေးခံခဲ့ရသူတွေက ပြောပါတယ်။

မသင်္ကာသူတချို့ကို ဖမ်းဆီးပြီး (၃) ရက်ကြာ စစ်ဆေးပြီးမှ ပြန်လွှတ်ပေးသလို တချို့ကို ပြန်မလွှတ်သေးဘူးလို့လည်း စုံစမ်းသိရှိရပါတယ်။ မကြာခင်ရက်ပိုင်းအတွင်း ပြည်ပဆန္ဒပြပွဲတွေမှာပါဝင်ခဲ့သူတွေဆိုရင် ရန်ကုန်လေဆိပ်ရောက်တာနဲ့ရိုက်နှက်ဖမ်းဆီးပြီး အင်းစိန်ထောင်ကို တန်းပို့လိုက်တယ်လို့ လေဆိပ်ဝန်ထမ်းတွေက ပြောပါတယ်။ ■

---